
စိတ်ကူးချိုချိုအနုပညာ

m.gyoe.com

# ဂျာနယ်ကျော်ဦးချစ်မောင်

## ဂျာနယ်ကျော်တော်လှန်ရေးစာစောင် နှင့် နိုင်ငံတော်သစ်သို့



m.gyoe.com

mgyoe.com

ဂျာနယ်ကျော်ဦးချစ်မောင် ကွယ်လွန်ခြင်း
၁၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ်
ပြန်လည်ထုတ်ဝေခဲ့သည့်
မကွယ်လွန်မီ နောက်ဆုံးရေးသားထုတ်ဝေခဲ့သော
ဂျာနယ်ကျော်တော်လှန်ရေးစာစောင်နှင့်
ဂျာနယ်ကျော်ဦးချစ်မောင်ရေးသားဆဲ
အပြီးမသတ်နိုင်ခဲ့သည့်
နိုင်ငံတော်သစ်သို့ စာအုပ်ငယ်နှစ်အုပ်အား
တစ်ပေါင်းတည်းရိုက်နှိပ်ထုတ်ဝေခြင်း
ဖြစ်ပါသည်။

mml0029
1200.00 Ks
mgyoe.com

mgyoe.com

ဂျာနယ်ကျော်တော်လှန်ရေးစာစောင်နှင့်နိုင်ငံတော်သစ်သို့ ဂျာနယ်ကျော်ဦးချစ်မောင်
မျက်နှာဖုံးပန်းချီ - မှတ်သုန်၊ စာမျက်နှာ ၇၈+ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဂျာနယ်ကျော်တော်လှန်ရေး စာစောင်နှင့် နိုင်ငံတော်သစ်သို့ ဂျာနယ်ကျော်ဦးချစ်မောင်

ဂျာနယ်ကျော်ဦးချစ်မောင်ကွယ်လွန်ခြင်းအထိမ်းအမှတ်အဖြစ်
ပြန်လည်ထုတ်ဝေခဲ့သော သူ နောက်ဆုံးရေးသားထုတ်ဝေခဲ့သည့်
ဂျာနယ်ကျော်တော်လှန်ရေးစာစောင်နှင့်
တစ်ဝက်တစ်ပျက်သာ ရေးသားပြီးစီးခဲ့ပြီး အဆုံးမသတ်နိုင်ခဲ့သည့်
နိုင်ငံတော်သစ်သို့ စာအုပ်ငယ်နှစ်အုပ်အား
တစ်ပေါင်းတည်း ရိုက်နှိပ်ခြင်း။

မေမေအေးကြိုင်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဂျာနယ်ကျော် ဦးချစ်မောင် (ကွယ်လွန်)
# ၁၅ နှစ်မြောက် အထိမ်းအမှတ်
# နောက်ဆုံးရေးသား ထုတ်ဝေခဲ့သော ဂျာနယ်ကျော်တော်လှန်ရေးစာစောင်



ဂျာနယ်ကျော် - ဦးချစ်မောင်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဗိုလ်လက်ျာ၏ အမှာ

ဦးချစ်မောင်ဆုံးခဲ့သည်မှာ ၁၅ နှစ်ရှိသွားပြီ။ "ဒီလူဟာ လူရိုးလူတော် တစ်ယောက်ဗျ၊ ကျုပ်တို့ ရှင်းလင်းစရာတွေ ဦးချစ်မောင်ရဲ့ ဆောင်းပါးနဲ့ပဲ အတော်ကြီးရှင်းသွားပြီ" ဟု တော်လှန်ရေးနေ့ ဂျာနယ်ကျော် အထူးထုတ်တွင် ဦးချစ်မောင်ရေးသည့် ဆောင်းပါးနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်း ပြောသော စကားကို အမှာရေးပါဟု ဒေါ်မမလေးပြောလာစဉ်ကပင် ပြေး၍ သတိရလိုက်သည်။ အမှန်ပင် ဦးချစ်မောင်သည် ရိုးရိုးအေးအေး ခပ်ကုပ်ကုပ်နေပြီး တိုင်းပြည်အတွက် အလုပ်လုပ်ခဲ့သည်။ သူ့အား ရိုးရိုးမျိုးချစ် သတင်းစာဆရာ တစ်ဦးအနေနှင့်သာ လူသိများသည်။ ထိုထက်ကျော်လွန်၍ သိသူအတော်ရှားသည်။ တိုင်းပြည်အတွက် အလုပ်လုပ်ခဲ့သမျှ သူသည် ရှေ့တန်းသို့ ဘယ်သောအခါမှ မထွက်လို၊ မထွက်ခဲ့။ နောက်ပိုင်းမှ လိုလေသေးမရှိ၊ ငွေအား၊ လူအား၊ အကြံဉာဏ်အားများသာ တတ်နိုင်သမျှပေးလိုသည်။ ပေးခဲ့သည်။ ဝန်ကြီး ရာထူးဂုဏ်ထူးများကိုလည်း မမျှော်မှန်း၊ အမတ်ဖြစ်ဖို့ စိတ်မကူး၊ တိုင်းကျိုးပြည်ကျိုးကို တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ရလျှင် ကျေနပ်တတ်သော ပုဂ္ဂိုလ်ပင်ဖြစ်သည်။ မှန်သည်ထင်လျှင် စကားပြောချိုသလောက် တင်းတင်းမာမာပြုလုပ်တတ်သည်။ တိကျမှုရှိသည်။ မယိမ်းမယိုင်တတ်ပေ။ သူသည် ဂျပန်ခေတ်မှစ၍ လူမသိအောင် နိုင်ငံရေးကို

mgyoe.com

mgyoe.com



ဓောက်ချလုပ်လာသည်။ တိုင်းပြည်အတွက် ကျွန်တော်တို့က တိတ်တိတ်ကျိတ်၍ မည်သည့်တာဝန်ပေးပေး ရိုးရိုးသားသား တာဝန်ယူသည်။ ကုန်စရာရှိလျှင် အိတ်ထဲမှစိုက်၍ အကုန်အကျခံသည်။ တစ်ခါတစ်ရံ ၎င်း၏ဇနီးပင်သိမည်မထင်။

ဂျပန်တော်လှန်ရေး နီးလာသောအချိန်၌ တပ်များနှင့်အတူလိုက်၍ တာဝန်ယူမည်ဟု ပြောလာသည်။ ကျွန်တော် မအံ့သြပေ။ သူ၏မျိုးချစ်စိတ်ကို သိပြီးဖြစ်သည်။ သူ၏ခံစားမှုကိုလည်း သိပြီးဖြစ်သည်။ ဂျပန်ခေတ်တွင်များသောအားဖြင့် သူတို့အိမ်သားတစ်စုသည် ဂျပန်တစ်ဦးနှင့် ဖက်စပ်၍ အိမ်တစ်အိမ်တွင် အတူနေလေ့ရှိသည်။ နေရင်းနှင့် ဂျပန်ဆန့်ကျင်မှုလုပ်ငန်းကြီးကို ပိပိရိရိလုပ်သည်။ သူယူထားသောတာဝန်ကို အခြေအနေအရ ရပ်ဆိုင်း၍မထား၊ တစ်နေ့မလုပ်ရလျှင် တစ်နေ့စာ အန္တရာယ်ပိုကြီးသည်ဟု အောက်မေ့လေ့ရှိသည်။

မဟာမိတ်တပ်များ ပြန်ဝင်လာသောအချိန်၌ ကွန်မြူနစ်လူစုများက တော်လှန်ရေးတပ်များ လက်နက်အပ်၍ အင်္ဂလိပ်အစိုးရနှင့် ပူးပေါင်းပြီး လွတ်လပ်ရေးအရယူရန် လမ်းစဉ်ချလာသည်။ ဗိုလ်ချုပ်အောင်ဆန်းအားလည်း ထိုလမ်းစဉ်ကို လက်ခံရန် သူတို့တိုက်တွန်းသည်။ ထိုအခါ ဦးချစ်မောင်၊ ဦးကျော်ငြိမ်းနှင့် ကျွန်တော်တို့ စစ်တပ်မှ ခေါင်းဆောင်များက ခါးခါးသီးသီး ပြော၍ လက်မခံကြ၊ ထိုအချိန်မှစ၍ ဦးချစ်မောင်သည် တိုင်းပြည်အတွက် ပို၍ ရင်လေးပုံပေါ်လာသည်။ ဒီမိုကရေစီ တပ်ပေါင်းစုဖြစ်သည့် ဖဆပလ လုပ်ငန်းကို ဖိ၍ ဖိ၍ လုပ်လာသည်။ အချိန်ပြည့်လုပ်သည်။ အသက်ပေါင်းမြောက်မြားစွာနှင့် တည်ဆောက်ခဲ့သော ဖဆပလ တပ်ပေါင်းစုကြီး၏ သွေးစည်းမှုနှင့် လူထုကြီး၏ထောက်ခံမှုကို မည်သူမျှ ဖြိုခွဲ၍မရဟု ယုံကြည်သည်။ သို့သော် ဖောက်ပြန်ရေးသမား များ၏ ဉာဏ်နီဉာဏ်ပလီစိချောက်ချက်နှင့် အကြိမ်ကြိမ် အထပ်ထပ် ဝါဒဖြန့်မှုကြောင့် ဖဆပလအပေါ် လူထုကြီး ထင်ယောင်ထင်မှားဖြစ်ပြီး လွတ်လပ်ရေး ကြိုးပမ်းချက် နှောင့်နှေးမည်ကိုလည်း စိုးရိမ်ပူပန်မှုရှိပြန်သည်။ သို့နှင့် နေ့မအား ညမအား ဖဆပလအတွက် ကြိုးစားဆောင်ရွက်ရင်း မကျန်းမမာဖြစ်ပြီး အနိစ္စရောက်ရှာသည်။ ယခု အမှာကိုရေးရင်းဖြစ်ပျက်နေသည့် နိုင်ငံရေး အနိစ္စသဘောတရားများကို

mgyoe.com

mgyoe.com


ဆင်ခြင်မိပြီး ဦးချစ်မောင်အား လွမ်းဆွတ်တသမိသည်။ နိုင်ငံအတွက် နှမြော မိသည်။ သူကိုယ်တိုင် ယခုအခါ မြင်စမ်းစေချင်သည်။ သူ၏တော်လှန်ရေး ဆောင်းပါးသည် ယခုတိုင်အသက်ရှင်လျက်ရှိသေးသည်။ ပြုကွဲလျက်ရှိသည့် အမျိုးသားသွေးစည်းမှုကြီး တစ်ဖန်ပေါ်ပေါက်နိုင်ရန် သင်ခန်းစာ ယူနိုင်ကြ ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါကြောင်း။

(ပုံ) ဗိုလ်လကျ်ာ

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ

ဂျာနယ်ကျော်တော်လှန်ရေးစာစောင်နှင့်   နိုင်ငံတော်သစ်သို့


– ဗိုလ်လက်ျာ၏ အမှာ    က

၁။ ယမန်နှစ်က ဤအချိန်တွင် ဘာတွေဖြစ်နေကြသနည်း    ၁

၂။ ဂျပန် အောင်ဆန်းခေါ်လာသည်ဆိုသော စွပ်စွဲချက်မှာ
မှန်သလား–မှားသလား၊ တရားခံအစစ် မည်သူများနည်း    ၇
– တရားခံအစစ်များ    ၈
– အင်္ဂလိပ်အနေကြုံလာခြင်း    ၉

၃။ ဂျပန်ကိုထပြီးတော်လှန်ကြခြင်းသည် အင်္ဂလိပ်နိုင်ခါနီး၍
သာဟုဆိုခြင်းမှာ ဟုတ်သလော – လုံးဝ မဟုတ်    ၁၆
– တော်လှန်ဖို့ ထပ်မံလုပ်ခြင်း    ၁၈
– အင်္ဂလိပ် မလာ–လာ–လာ ဂျပန်ကိုချမည်ကား ဧကန်    ၁၉
– ဈေးမဆစ်ခြင်းကိုကြည့်လော့    ၂၀
– ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း    ၂၂


mgyoe.com

mgyoe.com

၄။ အင်္ဂလိပ်ကို မလိုလားခဲ့ခြင်းမှာ မြန်မာများအပြစ်လား
မဟုတ် – အနည်းငယ်မျှမဟုတ်၊ အင်္ဂလိပ်တို့၏အပြစ်သာ ၂၄
– စာအုပ်မှ ထုတ်နုတ်ကိုးကားချက်များ ၂၅
– အင်္ဂလိပ်တို့၏စနစ် ၂၇
– စေတနာကွက်ကြားနှင့် ၂၈
– မြန်မာတို့၏ လိုလားချက် ၃၁

၅။ တော်လှန်ရေး လူငယ်များက အာဏာကျပ်ပြည့်
ရယူလိုခြင်းမှာ အဆန်းလော ၃၃
– အရာရှိများပင် မကျေနပ် ၃၄
– တော်လှန်ရေးသမားများ ကျေးဇူး ၃၆
– လွတ်လပ်ရေးမှတစ်ပါး ဘာတစ်ခုမျှတွက်ခြေမကိုက် ၃၈
– မသိနိုးနား လုပ်နေ၍မရ ၄၀
– ပေါ့ပေါ့ဆဆ မလုပ်နိုင် ၄၀

၆။ ဖက်ဆစ်ဝါဒသည် မြန်မာပြည်ထဲမှာ
ယခုဘယ်ပုံ ဘယ်နည်းဖြင့် တည်ရှိနေသနည်း ၄၃
– ဖက်ဆစ်ဆိုသည်မှာ ၄၄
– မြန်မာပြည်ကို ကြည့်လျှင် ၄၅
– ဘာဖြစ်နေသနည်း ၄၆
– အိန္ဒိယနှင့် စပ်လျဉ်းသောစကား ၄၈
– သို့ဖြစ်ခြင်းကြောင့် ၄၉

နိုင်ငံတော်သစ်သို့ ၅၃

■

mgyoe.com

mgyoe.com

## ယမန်နှစ်က ဤအချိန်တွင် ဘာတွေဖြစ်နေကြသနည်း။

ယမန်နှစ်က ဤလ ဤအချိန်တွင် မြန်မာပြည်မှာ ဘာတွေဖြစ်၍နေသနည်း။

ယမန်နှစ် ဤလ ဤအချိန်တွင် ဘာတွေဖြစ်၍နေသည်ကို ပြန်လည် စဉ်းစားမိသော တိုင်းသူပြည်သားတိုင်းပင် ကျောချမ်းသူချမ်း၍ အံကြိတ်သူကြိတ်ကာ၊ လက်သီးဆုပ်သူ ဆုပ်ပြီး၊ ယောင်ယမ်း စားဆွဲ၊ သေနတ်ကိုင်သူ ကိုင်မိမည်သာဖြစ်၏။

မည်သူတစ်ဦးတစ်ယောက်မျှ စိတ်ထဲတွင် တစ်စုံတစ်ရာမဖြစ်ဘဲ ယမန်နှစ်က .... သို့မဟုတ် ယမန်နှစ်အရင် ၂ နှစ်အတွင်းကအကြောင်းများကို ပြန်လည်စဉ်းစား၍ မရနိုင်ရှိရမည်သာဖြစ်၏။

ဂျပန်တို့သည် နေရာတကာတွင် အမျိုးမျိုး ဆိုးသွမ်း မင်းမူ၍နေကြ၏။

ဂျပန်ကုန်သည်များသည် မြန်မာတိုင်းရင်းသားများ၏ လက်ထဲတွင်ရှိသော ကုန်စည်များကို အတင်းအကျပ် သေနတ်ပြ၍ အဖိုးမတန်သော ငွေစက္ကူများဖြင့် အတင်း လဲလှယ်ယူငင်လျက်ရှိကြ၏။

ဂျပန်စစ်သားများသည် မြန်မာတိုင်းရင်းသားများထံမှ လိုချင်ရာကို အတင်းဆွဲငင်လျက်ရှိကြ၏။

mgyoe.com

ဂျပန် ကင်ပေတိုင်ခေါ် စစ်ပုလိပ်အဖွဲ့သည် မြန်မာတစ်ပြည်လုံး မလှုပ်နိုင်အောင်၊ မလှုပ်ရှားဝံ့အောင် ဖမ်းစားဖိစီး နှိပ်စက်မင်းမူလျက်ရှိ၏။

ဤစာမျက်နှာများတွင် ဖော်ပြပါရှိသော ပုံများတွင် တွေ့မြင်ရသော အဖြစ်အပျက်တို့မှာ နေရာတကာတိုင်း နေ့စဉ် နေ့တိုင်းလိုပင် ဖြစ်နေခဲ့၏။ မြန်မာများသည် ဂျပန်တို့၏လက်အောက်၌ အလွန့်အလွန် အနေအထိုင်၊ အစားအသောက်၊ အပြုအမူ ကျဉ်းမြောင်းကျပ်တည်းကာ ဂျပန်တို့လက်အောက်မှ လွတ်မြောက်ရန်းကန်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့တပ်မတော်ကြီး၏ ခြေလှမ်းကိုသာ ကြည့်ရှုမျှော်ကိုးနေကြ၏။

တစ်ပြည်လုံး၏မျက်စိသည် ဗိုလ်ချုပ်အောင်ဆန်း၏အပေါ်တွင်သာ စူးစိုက်ကျရောက်လျက်ရှိ၏။ တစ်ပြည်လုံး၏နားသည် ဗိုလ်ချုပ်အောင်ဆန်း၏ စကားများ အစွန်းနိမိတ်တွင် တွဲလဲခိုမှီလျက်ရှိ၏။

ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့တပ်မတော်ကြီးသည် ၁၉၄၂ ခုနှစ်က အင်္ဂလိပ် နယ်ချဲ့စနစ်ကို တိုက်၍ ထုတ်ခဲ့ဖူးသလို ယခုလည်း ဂျပန်ဖက်ဆစ်ဝါဒဆိုးကြီးကို တိုက်ထုတ်ပေးလိမ့်မည်ဟု အစဉ်မပြတ် ယုံကြည်ကိုးစားခဲ့ပြီးဖြစ်သည့်အားလျော်စွာ ဗိုလ်ချုပ်အောင်ဆန်း၏အရိပ်အခြည်ကိုသာမပြတ် ကြည့်ရှုအကဲခတ်လျက်ရှိနေခဲ့ကြ၏။

ဤအတွင်းတွင် ဂျပန်တို့ကား လိုချင်ရာကို ယူချင်သလို အဆီးအတားမရှိ ယူငင်နေကြ၏။

ဗမာ့တပ်မတော်၏ ခြေလှမ်းကို လိုက်၍ ကြိုကြိုကြားကြား မကျန် စုံစမ်းထောက်လှမ်းနေကြ၏။ တော်လှန်ရေးအတွက် ပြင်ဆင်နေသည်ဟူ၍ သတင်း အစအန ရသော ကွန်မြူနစ်ပါတီကို သဲလွန်စလိုက်၍ ကောက်နေကြ၏။

"မိလျှင် အသတ်" ဟု ဆိုခြင်းကို လူတိုင်းသိကြ၏။

သို့သော် အနည်းငယ်မျှလောက်သော လူတစ်စုမှတစ်ပါး အများသော တိုင်းသူပြည်သားတို့ကမူ မမိစေရအောင်၊ တောရွာကျေးလက်များမှ မကျန် စေရဘဲ ထူးကဲထက်သန်အောင်သောစိတ်ဖြင့် မည်သည့်အရိပ်အခြည်မှ မပေါ်ထွက် မပေါက်ကြားရအောင် ကူညီဖုံးဖိပေးလျက် ရှိနေကြပေ၏။ တော်လှန်ရေးလုပ်ငန်းကြီးသည် အောက်ခြေမှစ၍ ခိုင်မြဲစွာ တစ်ရှိန်တည်း

mgyoe.com

mgyoe.com


ထိုးထွက်ဖောက်ထွင်းလာရန် အားယူလျက် စီစဉ်လျက်ရှိခဲ့၏။

ဂျပန်တို့သည် မြန်မာလူမျိုးဟုဆိုက စားတော့မတတ်၊ ဝါးတော့မတတ် ကြည့်ရှု အကဲခတ်နေသောအချိန်ဖြစ်ခဲ့၏။

ထိုသို့ မပြတ်မလပ် ကြည့်ရှုစောင့်ကြပ် အကဲခတ်နေသည့် အကြားမှပင် ဗမာ့တပ်မတော် ဗိုလ်ချုပ်ကြီး၏အမိန့်အရဖြင့် မတ်လ ၂၇ ရက်နေ့ညတွင် ဂျပန်တို့ကို တွေ့ရာနေရာ၌ ဗမာ့တပ်မတော်သားများ၊ ပြောက်ကျားတပ်သားများ၊ ဆက်သားများသည် ရှိရာလက်နက်နှင့် တစ်ချိန်တည်း ထကြွတော်လှန်ပစ်ခတ်ခြင်းဖြင့် မြန်မာပြည်၏ မြို့ရွာများ၊ မြစ်ချောင်း တောတောင်များ၊ လယ်ယာသစ်တောများကို ဖက်ဆစ်ဂျပန်သင်္ချိုင်းများအဖြစ်သို့ တစ်ရှိန်ထိုးရောက်စေလျက်ရှိခဲ့၏။

၁၉၄၄ ခုနှစ်၊ အကုန်တွင် ရခိုင်ပြည်၌ ဦးပညာသီဟ ခေါင်းဆောင်လျက် ဖက်ဆစ်ဂျပန်ကို တော်လှန်ခြားနားခဲ့ပြီးသည့်နောက်၊ ၁၉၄၅ ခုနှစ် မတ်လ ၈ ရက်နေ့တွင် တစ်ဖန် မြန်မာပြည်အတွင်း မန္တလေးမြို့ကြီးမှနေ၍ ဗိုလ်မှူးကြီး ဗိုလ်ဗထူးက ဦးဦးဖျားဖျား ခြားနားတော်လှန်လိုက်သည်ကစ၍ ကျန်နေရာ၊ ဒေသများ၌ ခြားနားထကြွရန် တရွရွဖြစ်နေကြသော တိုင်းချစ်ပြည်ချစ် ရဲဘော် ရဲခေါင် ပြောက်ကျားများသည် ဤမတ်လ ၂၇ ရက်နေ့ည ၇ နာရီအချိန်မှစပြီး ဂျပန်တို့ကို စိတ်ရှိသလို ဖြိုနှိမ်ပစ်ခတ်ခွင့်ရသောအခါ ဆင်းရဲဒုက္ခကို မဆိုထားဘိ အသက်ကိုပင် ပမာမထားဘဲ တိုင်းသားပြည်သူတို့ ဖက်ဆစ်မင်းမူခြင်းမှ ကင်းလွတ်အောင် အသေခံ အရဲစွန့် သဲသဲမဲမဲကြီး တိုက်ခိုက်ခြင်းပြုနေခဲ့၏။

ဂျပန်က လက်ဦးသွားသဖြင့် သေဆုံးသွားရှာသော ရဲဘော်များလည်း အများပင်ရှိ၏။ ဂျပန်တို့က အင်အားကြီးမားသည်ကို သိလျက်နှင့်ပင် ရင်ဆိုင်ရှေ့တိုး အတင်းဝင် အတင်းတိုက်စစ်ထိုး၍ ဂျပန်တို့က ရန်ငြိုးကြီးစွာဖြင့် ပစ်ခတ် သတ်ဖြတ် ကျဆုံးသော ရဲဘော်များလည်း အများပင် ရှိနေခဲ့၏။

ဂျပန်စစ်တပ်တို့သည် မြန်မာလူငယ် တော်လှန်ရေးသမားများအား တွေ့ရာမဆိုင်း ပစ်ခတ်နေကြသည့်နည်းတူ ဂျပန်ကင်ပေများသည် အချို့သော သစ္စာဖျက် မြန်မာများ၏ သတင်းပေးမှုဖြင့် တော်လှန်ရေးနှင့် အဆက်အသွယ်ရှိသူများကို လိုက်လံဖမ်းဆီး သတ်ဖြတ်ညှဉ်းဆဲလျက်ရှိခဲ့၏။

mgyoe.com

mgyoe.com


သို့သော် တပ်မတော်နှင့် ပြောက်ကျားတပ်တို့က တပ်ဦးက၊ ရွာသား ရွာသူ၊ မြို့သားမြို့သူတို့က နောက်ပိုင်းကနေပြီး ဖက်ဆစ်ဂျပန်ကို ဝိုင်းဝန်း တိုက်ခိုက်ကြလျက်ရှိသဖြင့် တစ်ပြည်လုံးပင် အုန်းအုန်းကျွက်ညံ သေနတ်သံ မစဲ တိုက်ပွဲကြီး တရစပ်ဖြစ်ပွားလျက်ရှိခဲ့၏။

ဖက်ဆစ်ဂျပန်တို့ကို တွေ့ရာနေရာမှာ သတ်ဖြတ် သုတ်သင်လျက် ရှိ၏။ ဂျပန်ရှိသည်ဟုဆိုလျှင် တစ်ခါတည်း စွတ်၍လိုက်ပြီး အတင်းတိုက်၊ အတင်းပစ်၊ အတင်းသတ်လျက်ရှိ၏။ ဂျပန်တို့ကလည်း တတ်နိုင်သမျှ ပြန်လည်ခုခံသတ်ဖြတ်နေခဲ့၏။

ယမန်နှစ်က ဤလ ဤအချိန်တွင် ဂျပန်တပ်ကြီးများသည် မြန်မာ တော်လှန်ရေးသမားများရှိသည်ဟု သတင်းကြားရာနေရာကို ရှောင်ကွင်း ချီတက်လျက်သွားနေကြ၏။ တော်လှန်ရေးသမားများကလည်း ရွာသူရွာ သားများထံမှ ရသမျှသော သတင်းအစအနဖြင့် ခြေရာကောက် တောက်လျှောက် လိုက်ကာ ပစ်ခတ်ဖြိုနှိမ်လျက်ရှိရာ ဤတော်လှန်ရေး လူငယ်များ၏လက်ချက် ဖြင့် ဂျပန်ပေါင်း ၂၀၀၀၀ ကျော် ကျဆုံးခဲ့ကြောင်း မဟာမိတ်တို့ကပင် ဝန်ခံ ကြရ၏။

ရဲခေါင်ပြောက်ကျား ရဲဘော်များသည်ကား ဂျပန်တော်လှန်ရေး တိုက်ပွဲကို အပျော်အပါး ကစားစရာသဖွယ် မတွန့်မဆုတ်၊ သဲသဲမဲမဲကြီး လုပ်နေကြသည့်အဖြစ်ကိုလည်း မဟာမိတ်ထဲကပင် ဝန်ခံခဲ့ရ၏။ မဟာမိတ် တို့ အလလတိုက်ရမည့်စစ်ပွဲကို တော်လှန်ရေး တပ်သားများသည် မြန်မာ ပြည်သူပြည်သားများ အကျိုးငှာ နာရီပိုင်း ရက်ပိုင်းဖြင့် အပြီးပိုင်ပိုင် ဖြိုလှန် နိုင်ခဲ့ကြ၏။

ဤနည်းအားဖြင့် ဖက်ဆစ်ဂျပန်တို့၏ ရန်မီးကိုသာ မြန်မြန်ကြီး ငြိမ်းစေသည်မဟုတ်၊ ဂျပန်နှင့် ရင်မဆိုင်လို၍ ကောင်းကင်မှ အရမ်း ဗုံးကြဲ ချနေသော မဟာမိတ်တို့၏ တိုက်စစ်ပရိယာယ်ကြောင့် ပျက်စီးရမည့် ဘေးရန်ကိုလည်း နည်းပါးယုတ်လျော့စေခဲ့ကြသေး၏။

စစ်သား ဂျပန်၊ ကုန်သည်ဂျပန်၊ ကင်ပေတိုင်ဂျပန်၊ နွားဆွဲဂျပန်၊ ချေးတပ်ဆွဲ ဂျပန်၊ ပစ္စည်းဆွဲဂျပန်၊ လှည်းဆွဲ ကားယူဂျပန်၊ စပါးသိမ်းဂျပန်၊ လူပျိုလှည့်ဂျပန်၊အနုကြမ်းဂျပန်၊ အကြမ်းကြမ်း ဂျပန်၊ ဘာ ဂျပန်၊ ညာဂျပန်

mgyoe.com

mgyoe.com


မကျန် ဂျပန်အားလုံး တွေ့သမျှ ဆီး၍ သိမ်းကျုံးပစ်ခတ် သတ်ဖြတ်ခြင်းဖြင့် မြန်မာပြည်အား ဖက်ဆစ်ဝါဒကြီး ကပ်မိုးဝင့်ကျယ်နေမှုကို တစုတဝေး တညီတညာတည်း ဖြိုလှဲတိုက်ဖျက်ခဲ့ကြလျက်ရှိ၏။

ဖက်ဆစ်ဂျပန်တို့ ဝင့်ကျယ်သွားသော ၃ နှစ်သည် မြန်မာပြည်အား မိုးမှောင်ကြီးချထားသကဲ့သို့ဖြစ်စေရာ ယမန်နှစ် ဤအချိန်တွင် တစ်ခဲနက် မည်းနက်သော မိုးမှောင်ကြီးကို တပ်မတော်သားများ၊ ရဲခေါင်ပြောက်ကျားများသည် လက်နက်ပြောင်းများမှထွက်သော အလင်းရောင်ကလေးများဖြင့် တစ်ခါတည်း ဖြိုခွင်းဖယ်ရှားလျက်ရှိကြ၏။

ဂျပန်တို့၏ မြန်မာ့ အိုးခြေ အိမ်ခြေ၊ ရွာခြေမြို့ခြေနှင့် အသက်စည်းစိမ်ကို ဖြိုဖျက်ဖို့ နောက်ဆုံးအားထုတ်မှုကို တော်လှန်ရေး လူငယ်များက တွေ့ရာမဆိုင်း ခုတ်ပိုင်းပယ်ဖျက် သူ့အသက်ကို မပျက်နုတ်ယူလိုက်လျက်ရှိနေခဲ့၏။

ယခု .... ဖက်ဆစ်ဂျပန့် ဝင့်မှ ကျွတ်လွတ်သွားပြီ။

ရဲဘော်တို့၏ စွန့်စားပုံကို မြင်ရတွေ့ရကြားရသူတို့သည် အဘယ်မှာ ရဲဘော်တို့၏လုပ်ငန်းကို အထင်သေးနိုင်ကြပါတော့အံ့နည်း။

ရဲဘော်တို့ခေါင်းဆောင်၍ တိုင်းပြည်က တစ်ခဲနက် လိုက်ပါကူညီသဖြင့် သက်သာခွင့်ရသော လုံးပန်းမှုကြီးကို အဘယ်သူသည် အထင်သေး ရှုတ်ချဝံ့သနည်း။

ရဲဘော်တို့ခေါင်းဆောင်၍ တိုင်းပြည်က တစ်ခဲနက်လိုလားသည့် အားလျော်စွာ သေတွင်းသို့ဝင်၍ အတူတကွ တော်လှန်လာခဲ့ကြသော သွေးစည်းမှုကြီးကို အဘယ်ပရိယာယ်ရှင် နိုင်ငံရေးသမားသည် အဘယ် ဉာဏ်နီဉာဏ်နက်ဖြင့် ဖြိုခွဲနိုင်အံ့နည်း။

ရဲဘော်များ၊ ပြောက်ကျားများသည် တိုင်းသူပြည်သားတို့နှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း သေတွင်းကြီးထဲသို့ဝင်၍ သေတွင်းကြီးထဲမှ ထွက်လာခဲ့ကြရာ ထိုမျှလောက် ကြီးမားခိုင်မာသော သွေးစပ်မှုကြီးကို အဘယ်စက္ကူဖြူ ရေ့နေသည် ချေဖျက်နိုင်အံ့နည်း။

ရဲဘော်များ၊ ရဲခေါင်ပြောက်ကျားများနှင့် တိုင်းသူပြည်သားတို့၏

mgyoe.com

mgyoe.com


ယမန်နှစ်က တော်လှန်ရေးလုပ်ငန်းသည် ယခု ဖဆပလအဖွဲ့ချုပ်ကြီး၏ အသွင်ဖြင့် တည်တံ့လျက်ရှိ၏။ ကမ္ဘာပေါ်တွင် ဖက်ဆစ်ဝါဒရှိလေသရွေ့ အဘယ်သူက အဘယ်မျှပင် ကျေးဇူးချေဖျက် ပြောဆိုစေကာမူ ဤလုပ်ငန်းကြီးကို ဤအသွင်ဖြင့် အတူတကွ လုပ်ဆောင်သွားကြလေကုန်အံ့။

■

mgyoe.com

mgyoe.com

## ဂျပန် အောင်ဆန်းခေါ်လာသည်ဆိုသော စွပ်စွဲချက်မှာ မှန်သလား - မှားသလား။ တရားခံအစစ် မည်သူများနည်း။

စက္ကူဖြူစီမံကိန်းအတိုင်း မြန်မာပြည်တည်တံ့စေလိုသော နိုင်ငံရေးသမားများ၊ နိုင်ငံရေးဂိုဏ်းများသည် လွန်ခဲ့သည့် ၃ နှစ်အတွင်း မြန်မာပြည် အလူးအလဲ ခံလိုက်ရခြင်းမှာ ဂျပန်ကို အောင်ဆန်းခေါ်လာသောကြောင့် ဖြစ်သည်ဟူ၍ ဆိုပြောနေကြ၏။

လာမည့်ရွေးကောက်ပွဲတွင် ဤစကားတို့ သုံးစွဲခြင်းဖြင့် စက္ကူဖြူ စီမံကိန်းအတည်ဖြစ်အောင် လုပ်ဆောင်နိုင်ဖို့ မဲတောင်း မဲဆွယ်လျက် ဖဆပလကို အခြေမှ ဖြိုဖျက်မည်ဟု ကြံစည်စိုင်းပြင်းလျက်ရှိနေကြ၏။

ဤစကားကို ထိုသူများသည် ဖဆပလနှင့် ဗိုလ်အောင်ဆန်းကို ဖြိုနှိမ်ဖို့အတွက် သုံးသည်လည်း ဖြစ်ရာ၏။ သူတို့ကိုယ်တိုင်ကပင် နိုင်ငံရေးကိုကောင်းစွာ နားမလည် မကျွမ်းကျင်၊ အမြင်မမှန် အမြင်မသန်၍ပင် သုံးသည်လည်း ဖြစ်ပေရာ၏။

မည်သည့်အတွက်ပင် ဖြစ်စေ ဤစကားသည် မှန်၏ မမှန်၏ကို စစ်ဆေးကြည့်ရှုကြရန် လိုအပ်လာ၏။ ဂျပန်ကို အောင်ဆန်းခေါ်ဆောင်လာခြင်း ဟုတ်သည် မဟုတ်သည်ကို စီစစ်ရန်ရှိလာ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ကို ခေါ်ဆောင်လာခဲ့သဖြင့် မြန်မာပြည်သို့ဂျပန်ရောက်ရသည်ဆိုလျှင် ထိုအပြစ်၏တာဝန်ကို ဗိုလ်ချုပ်အောင်ဆန်း

mgyoe.com

ထက် သခင်ထွန်းအုပ်က ပိုမိုခံယူသင့်၏။ သခင်ထွန်းအုပ် ရေးသည့် "ကျွန်ုပ်၏စွန့်စားခန်း" စာအုပ်သည် သခင်ထွန်းအုပ်၏အလုပ်နှင့် အယူကို သက်သေခံလျက်ရှိ၏။

ယခုသော် စက္ကူဖြူသမား နိုင်ငံရေးဂိုဏ်းများသည် ဗိုလ်ချုပ်အောင်ဆန်း တစ်ဦးတည်းကိုသာ ကွက်၍ သူ့ကြောင့် ဂျပန့်လက်ဝယ် မြန်မာပြည် ကြေပျက်ရသည်ဟု စွပ်စွဲချက်တင်နေခြင်းမှာ သူတို့၏စေတနာ ဘယ်ပုံရှိသည် ထင်ရှားလှချေ၏။

## တရားခံ အစစ်များ

မည်သို့ပင်ဖြစ်စေ ဂျပန်အား မြန်မာပြည်သို့ရောက်အောင် ခေါ်ဆောင်လာသော တရားခံအစစ်ကို ကျွန်ုပ်တို့သည် ကမ္ဘာ့နိုင်ငံရေးကို နားလည်သောအားဖြင့် ဆွဲထုတ်၍ ပြသရပေအံ့။

ကျွန်ုပ်တို့သည် ဂျပန်များ မြန်မာပြည်သို့ရောက်အောင် ခေါ်ဆောင်လာသော တရားခံအစစ်ကို အင်္ဂလိပ်များ၏ ဓနရှင်စနစ်တွင် သွားရောက်၍ ရှာဖွေတွေ့ရှိရ၏။

အင်္ဂလိပ်တို့သာလျှင် တရားခံများ ဖြစ်ကြ၏။

အင်္ဂလိပ်ဟုဆိုရာ၌ အင်္ဂလိပ် ပြည်သူပြည်သား လူအများကိုမဆိုလို၊ အင်္ဂလိပ်ပြည်သူ ပြည်သား လူအများအပေါ်တွင် အုပ်ချုပ်လျက်ရှိခဲ့သော ဘိလပ်အစိုးရတို့နှင့် ၎င်းတို့၏ဝါဒစနစ်ကျင့်ထုံးကျင့်နည်းကို အထူးအားဖြင့် ဆိုလို၏။

ဂျပန်တို့ မြန်မာပြည်ထဲသို့ ဝင်ရောက်မွှေနှောက်သည့် အခြေသို့ ရောက်ခြင်းအတွက်.တရားခံများကို ရှာဖွေလျှင်လည်း ပထမဘိလပ်အစိုးရကိုပင် တွေ့မြင်ရလျက် ဒုတိယတွင် မြန်မာပြည်ရှိ အင်္ဂလိပ်ဘုရင်ခံအစိုးရတို့ကို တွေ့မြင်ရ၏။ ဤသူ – ဤသူတို့သာလျှင် တရားခံအစစ်ဖြစ်ကြီးဖြစ်ကြ၏။

ဤစကားများကို ပေါ့တန်စွာ ပြောဆိုခြင်းမဟုတ်၊ ရာဇဝင်သဘောဖြင့် အထပ်ထပ် စောကြောပြောဆိုခြင်းသာဖြစ်၏။ ၁၉၄၂ ခုနှစ်တွင် ဂျပန်တို့ မြန်မာပြည်သို့ဝင်ရောက်၍ မွှေနှောက်ချောက်ချားနိုင်ခြင်းမှာ လွန်ခဲ့သည့်အနှစ်

mgyoe.com

mgyoe.com


၅၀ အတွင်းက အင်္ဂလိပ်တို့၏ စနစ်ကြောင့်ပင်ဖြစ်၏။ ထိုစနစ်၏ ဆိုးပြစ်ဟူသမျှကို မြန်မာပြည်သည် ကုန်း၍ခံလိုက်ရခြင်းမျှသာ ဖြစ်ခြေ၏။

**အင်္ဂလိပ်အနေကြုံ့လာခြင်း**

ရှင်းဦးအံ့ ။ ။ သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်မတိုင်မီအထိ အင်္ဂလိပ်တို့သာလျှင် ပစိဖိတ်သမုဒ္ဒရာနှင့် ကမ္ဘာ့အရှေ့ဖျားတွင် စိုးမိုးမင်းမူနိုင်ခဲ့ကြ၏။ တရုတ်ပြည်ကြီးမှာ ဘိန်းစစ်ပွဲများ ဖြစ်ပွားပြီးသည်ကစ၍ အင်္ဂလိပ်တို့၏ အောက်တွင် စင်းစင်းခံလျက်နေခဲ့ရ၏။ တရုတ်ပြည်၏ စီးပွားရေးတစ်ခုလုံးပင် အင်္ဂလိပ်တို့ ချယ်လှယ်သလို ဖြစ်နေခဲ့၏။

(မှတ်ချက်။ ။ ၁၉၁၃ ခုနှစ် ယခင် ပထမကမ္ဘာစစ်ကြီးမဖြစ်ပွားမီကပင် တရုတ်ပြည်အတွင်းတင်သွင်းသော ဝင်ကုန်အားလုံး၏တစ်ဝက်ကို အင်္ဂလိပ်တို့က သွင်း၍ ၅ ပုံတစ်ပုံကို ဂျပန်က၊ ၁၆ ပုံ တစ်ပုံကို အမေရိကန်က တင်သွင်းနေကြ၏။)

တရုတ်ပြည်မှာ အင်္ဂလိပ်ခေါင်းဆောင်သည့် ဥရောပနိုင်ငံများ၏ စီးပိုးခြင်းကို ခံယူလျက်ရှိနေခဲ့ရ၏။ သက္ကရာဇ် ၁၉၀၀ သို့ရောက်တော့မည်ဆိုလျှင်ပင် အင်္ဂလိပ်၏ အရှေ့တိုင်းဖျား ရာဇပလ္လင်မှာ တုန်လှုပ်လာ၏။

၁၈၉၈ ခုနှစ်တွင် အမေရိကန်က ဖိလစ်ပိုင်ကို သိမ်းခြင်းဖြင့် ထိုအခြင်းအရာသည် သိလာ၏။ ၁၈၉၉ ခုနှစ်တွင် အမေရိကန်ပြည်ထဲရေးဝန်ဂျွန်ဟေးက တရုတ်ပြည်သည် မည်သည့်နိုင်ငံခြားတစ်ခုကိုမျှ ကာသာခွင့်ထူးထူးခြားခြား မပေးရ၊ ကုန်ကူးလိုသော နိုင်ငံများတိုင်းသို့ တံခါးဖွင့်ပေးထားရမည်ဟု တောင်းဆိုလိုက်၏။ ၁၈၉၈ ခုနှစ်တွင်ပင် ဂျာမနီက ကွေ့ချောင်းပင်လယ်အော်ကို၊ ရုရှားက ပို့အာသာဆိပ်ကမ်းကို၊ ပြင်သစ်က ကွမ်ချောင်းပင်လယ်အော်ကို တရုတ်တို့ထံမှ မရအရယူ၍ ငှားကြ၏။

ဤသို့ငှားပြီးလျှင် ရေတပ်စခန်းချဖို့လုပ်လာကြ၏။ ဤတွင် ထိုသူတို့၏ အစီအမံကို ကာကွယ်ရန်သဘောဖြင့် အင်္ဂလိပ်ကလည်း ဝေဟိုင်းဝေးကို ငှားရ၏။

၁၉၀၀ ပြည့်နှစ်တွင် ဂျာမနီက ရေတပ်ချဲ့ထွင်ဖို့ ဥပဒေပြုလုပ်လိုက်ရာ အင်္ဂလိပ်တို့မှာ ဥရောပတိုက် မြောက်ပိုင်းပင်လယ်၌ ရေကြောင်းရန်

mgyoe.com

mgyoe.com


ခုခံဖို့ တိုးချဲ့ပြင်ဆင်ရပြန်၏။ အရှေ့တိုင်းမှာရော အနောက်တိုင်းမှာပါ အင်္ဂလိပ်တို့၏ စားကျက်အနေ ကျုံ့လာခြင်းကို သတိပြုကြဖို့ဖြစ်၏။

အရှေ့တိုင်းတွင် အခြားဥရောပနိုင်ငံကြီးများက အသီးသီး ပြင်ဆင်လာကြသောအခါ အင်္ဂလိပ်တို့သည် ၁၉၄၂ ခုနှစ်တွင် ကျွန်ုပ်တို့ မြန်မာပြည်အား ထွားထွားညက်ကြေအောင် နှောက်မွှေချောက်ချားစေနိုင်မည့် အာနိသင်ရှိသောအလုပ်ကို စတင်လုပ်လိုက်၏။ ၁၈၉၄ ခုနှစ်တွင် ထိုစဉ်က ထိုနေရာ၌ ဒုတိယတန်းစားမျှလောက်သာ ရှိသေးသည့် ဂျပန်ပြည်နှင့် တိုက်ရိုက် မဟာမိတ်ဆက်သွယ်ပူးပေါင်းသည့် စာချုပ်ကို ချုပ်ဆိုလိုက်၏။ ဂျပန်ရေတပ်ကို တည်ပေး၏။ ပစ္စည်းရှာပေး၏။ သင်ကြားပြသပေး၏။

စာချုပ်ချုပ်၍ ၁၄ ရက်မျှသာရသေးစဉ် ဂျပန်သည် အင်္ဂလိပ်အားကိုးရပြီဖြစ်၍ တရုတ်ပြည်ကို ပထမဆုံးအကြိမ်တိုက်လေတော့၏။ ဤစစ်ကား – ပထမ တရုတ် ဂျပန်စစ်။ ၁၈၉၄ – ၉၅ ခုနှစ် စစ်ဖြစ်၏။ ဤစစ်တွင် ဂျပန်သည် တရုတ်ပြည်မှ ကိုရီးယားပြည်ကို ခွဲထုတ်နိုင်ခဲ့၏။

(မှတ်ချက် ။ ။ ဤကိုရီးယားပြည်ကို နောင်သောအခါ ဂျပန်သည် သိမ်းပိုက်ယူငင်လိုက်၏။)

လျှိုင်တန်းအငူကို တရုတ်က ဂျပန်သို့ပေးလိုက်ရ၏။ ဤကဲ့သို့ဖြစ်သောအခါ ရုရှား၊ ဂျာမနီနှင့် ပြင်သစ်တို့က ထိုသို့ တရုတ်ထံမှ အနိုင်ရသော နယ်တို့ကို ပြန်၍ပေးအပ်ရန် ပူးပေါင်းတောင်းဆိုကြ၏။ အင်္ဂလိပ်က မပူးပေါင်းဘဲ သင်းခွဲနေခဲ့၏။ နောက်ဆုံး၌ ဂျပန်သည် တောင်းဆိုချက်အတိုင်း ပြန်ပေးလိုက်ရ၏။

၁၉၀၂ ခုနှစ်တွင် အင်္ဂလိပ် ဂျပန်စာချုပ် ထပ်မံချုပ်ဆိုကြပြန်၏။

၁၉၀၄–၅ ခုနှစ်တွင် ဂျပန်သည် ရုရှားကိုချ၍ ရုရှားလက်ထဲမှ ပို့အာသာသင်္ဘောတပ်စခန်းနှင့်တကွ ပထမအကြိမ်ကရပြီးမှ ပြန်ပေးလိုက်ရသော လျှိုင်တန်းအငူကို သိမ်းပိုက်လိုက်၏။ ထို့ပြင် မန်ချူးရီးယားပြည်တောင်ပိုင်းအပေါ်တွင်လည်း ခြယ်လှယ်လွှမ်းမိုး ဩဇာတိုးလာခဲ့၏။

၁၉၀၅ ခုနှစ်တွင် အင်္ဂလိပ်နှင့်ဂျပန်သည် ပိုမို၍ တိုးတက်ချစ်ကြည်ရေးလုပ်ကြပြန်၏။ စာချုပ်ချုပ်ကြပြန်၏။ ထိုစာချုပ်တွင် မြန်မာပြည်အဝင်အပါဖြစ်သော အိန္ဒိယပြည်၌ အင်္ဂလိပ်တို့ ဆက်လက် ချုပ်ချယ်လွှမ်းမိုးနေ

mgyoe.com

mgyoe.com


နိုင်ရန်အတွက် ဂျပန်က ကူပံ့ဖို့ပင် အချက်တစ်ချက်ပါရှိချေသေး၏။ အခြားတိုင်းပြည်ကြီး တစ်ပြည်တည်းဖြင့် စစ်ဖြစ်လျှင် တစ်ယောက်ကိုတစ်ယောက် ကူစတမ်းဟူ၍ ပါရှိသေး၏။ ဤနည်းဖြင့် ဒုတိယတန်းစား ဂျပန်သည် အင်္ဂလိပ်၏အကူကိုမှီကာ တက်ကြွတောင့်တင်း နယ်ချဲ့ခြင်းပြုလာနိုင်၏။ ၁၉၁၄ ခုနှစ် ဥရောပတိုက်၌ စစ်ကြီးဖြစ်နေ၍ မည်သည့် ဥရောပတိုက်ရှိနိုင်ငံကမျှ လာရောက်မစွက်ဖက်နိုင်ကြောင်း သိရသောအခါ ၁၉၁၅ ခုနှစ်တွင် ဂျပန်သည် တရုတ်ပြည်က လိုက်နာရမည်ဆိုသော ၂၁ ရပ်သော တောင်းဆိုချက်ကို တရုတ်ပြည် အစိုးရထံမှ တောင်းဆိုလေတော့၏။ ထို့နောက် ရှန်တန်၊ ဖူကီယန်၊ မန်ချူးရီးယားနှင့်အတွင်း မွန်ဂိုလီးယားပြည်အပြင် ဆိုက်ဘေးရီးယား၊ အရှေ့ဖျားတစ်ခွင်ပင် ယူငင်သိမ်းလိုက်လေတော့၏။

၁၉၁၄ – ၁၈ ခုနှစ် ပထမ ကမ္ဘာစစ်ကြီး ပြီးသွားသောအခါ ဂျပန် အချောင်အနိုင်ကျင့် ရယူထားသဖြင့် တောင့်တင်းနေသော အခြေအနေကို အမေရိကန်က ကန့်ကွက်၏။ ပါရစ်မြို့တွင် ငြိမ်းချမ်းရေး ကွန်ဖရင့်ကျင်းပသည့်အခါ ထိုသို့ ဂျပန် ရ၍ထားပြီး ဖြစ်သော နယ်များကို ပြန်ပေးဖို့ အမေရိကန်က တောင်း၏။ ဂျပန်က မပေးဖို့ကြိုးစား၏။ ထိုသို့ ဂျပန်ကြိုးစားမှုကို အင်္ဂလိပ်ကထောက်ခံ၏။ အမေရိကန်က နယ်များကို အားလုံးလက်လွှတ်ပစ်ဖို့အတင်းတောင်း၏။ နောက်ဆုံးတွင် ဂျပန်လက်ဝယ် ရှန်တန်ကိုထားဦးတော့ဟု သဘောတူလျက် ကျန်နယ်အများကို ပြန်လည်၍ ပိုနေမြဲကျားနေမြဲ ဖြစ်စေခဲ့၏။

ဝါရှင်တန်တွင် ရေကြောင်းစာချုပ် ချုပ်ဆိုသောအခါ ပါရစ်ကွန်ဖရင့်က ရခဲ့သော ရှန်တန်ပင်လျှင် လက်လွှတ်၍ ယူထားသော နယ်အားလုံးကို ပြန်ပေးလိုက်ရ၏။ အင်္ဂလိပ် – ဂျပန် ချုပ်ဆိုထားသော စာချုပ်ကိုလည်း ဖျက်သိမ်းခိုင်း၏။ စစ်သင်္ဘောကြီးများကို အင်္ဂလိပ် အမေရိကန် အရေအတွက်တူညီစွာထားကြရန်၊ တရုတ်ပြည်၏ ပြည်တွင်းတည်မြဲမှုကို အာမခံ၍ တံခါးမရှိ ပွင့်လင်းစွာ ကုန်သွယ်ခွင့် နိုင်ငံတိုင်းက ရရန်တို့ကိုလည်း သဘောတူရ၏။ ယခင် စစ်ကြီးအပြီးတွင် အမေရိကန်၏ အခြေအနေမှာ ခိုင်မာတောင့်တင်း၍ ဤကဲ့သို့ ဖြို့ခွင်းကာ မိမိအလိုကျ လုပ်ကိုင်နိုင်ခဲ့ခြင်းဖြစ်၏။ ၁၉၁၃ ခုနှစ်တွင် အမေရိကန်က တရုတ်ပြည်တွင်းသို့ တရုတ်ပြည်ဝင် ကုန်အားလုံး၏

mgyoe.com

mgyoe.com


၆ ရာခိုင်နှုန်းသာ တင်သွင်းနိုင်ခဲ့ရာမှ ၁၅ ရာခိုင်နှုန်းတင်သွင်းလာနိုင်၏။ အင်္ဂလိပ်က ၄၆ ရာခိုင်နှုန်းမှ ၂၈ ရာခိုင်နှုန်းသို့ လျော့ကျသွား၏။

အင်္ဂလိပ် ဂျပန် စာချုပ်ကို ဖျက်သိမ်းလိုက်ရသော်လည်း ဝါရှင်တန်စာချုပ်အရ အင်္ဂလိပ်ရော ဂျပန်ပါ နစ်နာကြသဖြင့် အတူတူပင် ပူးပေါင်းလုပ်ကိုင်နေခဲ့ကြ၏။ ၁၉၂၅ ခုနှစ်တွင် ဇွန်လ ၃၀ ရက်နေ့တွင် လန်ဒန်မြို့ရှိ ဂျပန်သံအမတ် ဘယ်ရွန်ဟာယာရှိအား နှုတ်ဆက်ညစာစားပွဲ၌ ယခု ဆဌမမြောက် ဂျော့ဘုရင်ဖြစ်နေသော ထိုစဉ်က ယောက်မြို့စားမင်းသားက "ကမ္ဘာက တစ်ပြည်နှင့်တစ်ပြည် စစ်ရေးစစ်ရာ မဟာမိတ်ပေါင်းဖွဲ့မှုကို သဘောမတူလိုကြရာ ဂျပန်နှင့်ကျွန်ုပ်တို့၏ မဟာမိတ်ဆက်သွယ်မှုမှာလည်း ပစိဖိတ်သမုဒ္ဒရာတွင် အခြေစိုက်ထားသည့် နိုင်ငံများအဝင်အပါ ငြိမ်းချမ်းရာငြိမ်းချမ်းကြောင်း ပူးပေါင်းသည့် မဟာမိတ်အဖြစ်သို့ရောက်သွားပေပြီ။ သို့သော် အင်္ဂလိပ်နှင့်ဂျပန်တို့၏ ချစ်ကြည်မှုကား အရှေ့ဖျား၏ ငြိမ်းချမ်းရေးတည်တံ့ရာ ပလ္လင်ခံကြီးတစ်ခုဖြစ်လည်း ဖြစ်ခဲ့၍ ဖြစ်လည်း ဖြစ်ဆဲပင်" ဟူ၍ မိန့်ကြားခဲ့သေး၏။

ဤနည်းအားဖြင့် ၁၈၉၄ ခုနှစ်က စတင်ချုပ်ဆိုလာသော ဂျပန်အင်္ဂလိပ်ပူးပေါင်းမှုသည် ဝါရှင်တန်စာချုပ်အရ အတိအလင်း ပယ်ဖျက်သည့် အချိန်မတိုင်မီအထိသာ တည်ရှိသော်လည်း ထို့နောက်တွင်လည်း တည်တံ့မြဲမြဲလျက်ပင်ရှိ၏။ ဤအကြောင်းကြောင့်ပင် အင်္ဂလိပ်နှင့် အမေရိကန်အစေးမကပ်မှုသည်ဖြစ်ပေါ်လာ၏။ အကြိတ်အခဲဖြစ်လာ၏။ ၁၉၃၁ ခုနှစ်တွင် အမေရိကန်နှင့် အနောက်နိုင်ငံများပါ စီးပွားရေးကျပ်တည်းမှုကြီး၏ဒဏ်ကို လှိမ့်ပြီး ခံယူနေရ၍ အသက်ရှူရကျပ်နေကြစဉ် ဂျပန်သည် မန်ချူးရီးယားကို ဝင်၍တိုက်တော့၏။ ၁၉၃၂ ခုနှစ်တွင် မန်ချူးရီးယားသည် ဂျပန့်လက်အောက်တွင် မန်ချူကောဟူ၍ ရုပ်သေးအစိုးရနှင့်တကွ ဖြစ်လာ၏။ ၁၉၃၃ ခုနှစ် ဂျီဟိုနယ်ကို ဂျပန်သိမ်းလိုက်၏။ ထိုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးမှ ဂျပန်နုတ်ထွက်၏။ ၁၉၃၄ ခုနှစ် ဧပြီလတွင် ဂျပန်က "၉ ပြည်ထောင်အစိုးရ ဝါရှင်တန်စာချုပ်မရှိတော့ပြီ။ အရှေ့ဘက်တိုင်းဖျားတွင် ဘာဖြစ်နေသည်ကို မသိသော အမေရိကန်နှင့် အနောက်နိုင်ငံတိုင်းပြည်အားလုံးပင် တရုတ်ပြည်ကိစ္စတွင် ဝင်မရှုပ်သင့်ဘဲ ဘေးသို့ဖယ်နေကြလော့"

mgyoe.com

mgyoe.com


ဟူ၍ ဂျပန်စစ်ရုံးမှတစ်ဆင့် ကြေညာလိုက်၏။

၁၉၃၅ – ၃၆ ခုနှစ်တွင်၊ အတွင်း မွန်ဂိုလီးယားနှင့် မြောက်ပိုင်းတရုတ်ပြည်တစ်ခုလုံးကို သိမ်းယူလိုက်၏။

ဤကဲ့သို့ ဂျပန်ဝံ့ကျယ်လာစဉ် အင်္ဂလိပ်နှင့် (အင်္ဂလိပ်ကြိုးဆွဲတိုင်းကနေသော) ပြင်သစ်တို့က ထိရောက်စွာ ကူညီခဲ့ကြ၏။ အမေရိကန်ကို ဆန့်ကျင်ဆီးဆို့လို၍လည်း ကူ၏။ ရုရှကို ဆန့်ကျင်ဆီးဆို့လို၍လည်း ကူ၏။

၁၉၃၁ – ၃၂ ခုနှစ် မန်ချူးရီးယားကို ဂျပန်တိုက်သည်တွင် အမေရိကန်က အင်္ဂလိပ်အား မိမိနှင့်ပူးပေါင်း၍ ဂျပန်ကိုအရေးယူရန် အတန်တန်ပြောဆို၏။ အင်္ဂလိပ်က သဘောမတူခဲ့။ ၁၉၃၃ ခုနှစ် တရုတ်ပြည်၏ တိုင်တန်းချက်အရ ဂျပန်အပေါ်တွင် ဝိုင်း၍ အရေးယူရန် နိုင်ငံပေါင်းချုပ်၌ သဲသဲမဲမဲ ဆွေးနွေးစဉ်က အင်္ဂလိပ် နိုင်ငံခြားဝန်ကြီး ဆာဂျွန်ဆိုင်မွန်က ဂျပန့်ရှေ့နေကြီးအဖြစ် နိုင်နိုင်နင်းနင်းဆောင်ရွက်ခဲ့ရာ ဂျပန့်ကိုယ်စားလှယ် မတ်ဆူးအိုကာကပင် အတိအလင်း ချီးကျူးခဲ့ရ၏။

မြောက်ပိုင်း တရုတ်ပြည်ကိုရပြီးသည့်အခါ ဂျပန်တို့သည် တရုတ်ပြည်ကမ်းရိုးတန်း မြို့များကို မဲပြီး သိမ်းယူလာကြ၏။ ရှန်ဟဲကိုပါသိမ်းပြီး အင်္ဂလိပ်တို့ကို အဝတ်အစားချွတ်၍ ရှာဖွေသည့် အခြေအထိရောက်လာ၏။ တရုတ်ပြည်၏ ဆိပ်ကမ်းအားလုံးပင် ဂျပန့်လက်သို့ရောက်သောအခါ တရုတ်အစိုးရတို့၏ ပူဆာတောင်းဆိုချက်အရ အမေရိကန်၏အကူဖြင့် မြန်မာပြည်မှ တရုတ် ဗမာလမ်းမကြီးဖောက်ပေးပြီး တရုတ်ပြည်ကိုအသက်ဆက်နေသည့်အကြားမှပင် ၁၉၄၁ ခုနှစ်၌ ဂျပန်က ထိုလမ်းမကြီးကို မြန်မာပြည်ဘက်မှ ပိတ်ပေးရမည်ဟု တောင်းဆိုသောအခါ အင်္ဂလိပ်အစိုးရက ပိတ်ပေးလိုက်သေး၏။ အမေရိကန်နှင့် တရုတ်တို့က အတင်းအကျပ်တိုက်တွန်းမှ ပြန်ဖွင့်ပေး၏။ မိုးကြောင့် ပိတ်သည်ဟု ဆင်ခြေပေးလိုက်သေး၏။

၁၉၄၁ ခုနှစ်တွင် ဂျပန်၏ ဝံ့ကျယ်လာသော ခြေလှမ်းကို မြန်မာပြည်မှ လူတိုင်းလိုပင် သိနေကြ၏။ ဂျပန်သည် အင်ဒိုချိုင်းနားပြည်သို့ရောက်လာ၏။ ယိုးဒယားပြည်ပေါ်သို့ ဩဇာပိုမို ကူးစက်လာ၏။ အင်္ဂလိပ်တို့၏ ထိရောက်စွာ ကာကွယ်ခြင်းတို့ကို မတွေ့ရ၊ သို့ဖြင့် အင်္ဂလိပ်နှင့်

mgyoe.com

mgyoe.com


အမေရိကန်ကို ဂျပန်က စစ်ကြေညာသော ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက် နေ့သို့ရောက်ခဲ့၏။ ထိုသို့ရောက်၍ တစ်လကျော်ကျော်ကလေးတွင် မြန်မာ ပြည်တံခါးဝသို့ ဂျပန်ရောက်လာ၏။ တရုတ်တို့က ဂျပန် မြန်မာပြည်မဝင် နိုင်အောင် သူတို့စစ်တပ်များနှင့် ကာကွယ်ပေးပါမည်ဟူ၍ အတန်တန်ပြော ၏။ အင်္ဂလိပ် စစ်သေနာပတိများက လက်မခံခဲ့။ မြန်မာပြည်ကို ခုခံဖို့ရန် ကိုယ့်အင်အားလည်းမရှိ၊ သူများပေးသော အကူကိုလည်း လက်မခံရှိခဲ့၏။ အင်္ဂလိပ် အစိုးရတို့၏ ဖိနှိပ်ချုပ်ချယ်သော ဝါဒစနစ်ကြောင့် မြန်မာ ပြည်သူ ပြည်သားများကလည်း ထိုစဉ်က အင်္ဂလိပ်တို့အား ထောက်ခံအားပေးလိုခြင်း မရှိ၊ စစ်အားထုတ်မှုတစ်ခုလုံးကို ကျောပေးနေ၏။

ကျောပေးနေရုံသာမဟုတ်၊ များသောအားဖြင့် ဂျပန့်အလာကိုပင် စောင့်မျှော်နေကြချေသေး၏။ ဂျပန်လာလျှင်အခက်ဟု ဒီးဒုတ်က အမြဲရေး၏။ ဂျပန်လာလျှင် အခက်ဟု ဂျာနယ်ကျော်က အမြဲရေး၏။ အချည်းနှီးပင်....။

ဂျပန်လာမည်ကို ရာဇဝင်သဘောတရားအားဖြင့် သိသည့်အခါ ကိုယ့်တိုင်းပြည်အတွက် ကိုယ့်ကိုယ်တိုင်က လုံးပန်းမှုကိုပြမှ ဂျပန့်လက်ထဲ တွင် သူထားရာက မနေရမည်ဟုယူဆ၍ တော်လှန်ရေးလုပ်ငန်းကို လူငယ် ပိုင်းမှ အချို့က စီစဉ်ကြ၏။ (အချို့က ဂျပန်နှင့် လုံးဝ မပေါင်းလိုကြ)၊ ကမ္ဘာ၏ လှိုင်းတံပိုးများ တက်ကြွမည် တကဲကဲရှိစဉ် မြန်မာပြည်ကဲ့သို့သော တိုင်းငယ်ပြည်ငယ်ကလေး၏ လွတ်လပ်ရေးကြိုးပမ်းမှုသည် ကမ္ဘာ့အပြင် အပနှင့် မဆက်သွယ်လျှင် မဖြစ်ဟူသောအသိဖြင့် တရုတ်ပြည်ဘက်သို့ ထွက်၍သွားသော သခင်အောင်ဆန်းမှာ ထိုတော်လှန်ရေးသမားများ၏ အစီအစဉ်အရ အမွိုင်မြို့တွင် ဂျပန်ပြည်သို့ ခေါ်ဆောင်သွားခြင်းခံယူခဲ့ရ၏။

၁၉၄၁ – ၁၉၄၂ ခုနှစ်က ကမ္ဘာ့အခြေအနေအရ မြန်မာပြည်၏ တော်လှန်ရေးလုပ်ငန်းကို ထိထိရောက်ရောက်လုပ်လိုသူသည် ထိုအခါက အင်္ဂလိပ်အား အလိုမရှိဖြစ်နေရမည့် နိုင်ငံကြီးတစ်ခုခု သို့မဟုတ် အများနှင့် ဆက်သွယ်မည်သာဖြစ်၏။ တော်လှန်ရေးသမားများသည် အင်္ဂလိပ်လက် အောက်တွင် လွတ်လပ်ရေးမရသောအခါ အင်္ဂလိပ်ကို အလိုမရှိသော ဂျပန် နှင့် ပေါင်းကြ၏။ ဂျပန်နှင့်ပေါင်း၍ ကိုယ်လိုချင်သော လွတ်လပ်ရေးမရဘဲ အကြမ်းဆုံးသော ဖက်ဆစ်ဝါဒဖြင့် နှိပ်စက်ညှဥ်းပန်း ဖုံးလွှမ်း ချုပ်ချယ်ခြင်း

mgyoe.com

mgyoe.com


ကို ခံယူရသောအခါ ဂျပန်ကို ကိုယ့်ချည်းသက်သက် တော်လှန်ဖို့လည်း ပြင်ဆင်ကြ၏။ ဂျပန်ကိုအလိုမရှိရာ၌ လုပ်ငန်းခြင်းတူသော မဟာမိတ်တို့နှင့်လည်း ပေါင်းကြပြန်၏။ ကမ္ဘာ့အခြေအနေ၏ပြောင်းလဲမှုကြောင့် အခိုက်အတန့်အားလျော်စွာ မဟာမိတ်အဖြစ် ဆက်ဆံသူတို့သာ လူမျိုးပြောင်းသွားသော်လည်း လွတ်လပ်ရေးလုပ်ငန်း အစဉ်ကား တစ်ဆက်တစ်စပ်တည်းဖြစ်၏။

၁၉၄၅ ခုနှစ်တွင် မြန်မာ့တော်လှန်မှုကြောင့် ဂျပန့်ရန် မြန်မြန်ပြီး၍ မဟာမိတ်တို့ စောစော အောင်နိုင်သကဲ့သို့ ၁၉၄၂ ခုနှစ်က မြန်မာ့တော်လှန်မှုကြောင့် အင်္ဂလိပ်တို့ မြန်မြန်ထွက်ပြေးရ၍ ဂျပန်စောစောဝင်နိုင်ခဲ့၏။ ထိုတော်လှန်မှုမရှိလျှင် ထိုအခါက ဂျပန်အဝင်နှေးရုံသာရှိ၏။ ဝင်မည်ကား မုချပင်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်တို့သည် စင်ကာပူကျကတည်းက မြန်မာပြည်ကို အချိန်အခါကြည့်ပြီး လက်လွှတ်၍ အိန္ဒိယမှနေပြီး ခုခံရန် စိတ်နှလုံး တုံးတုံးချပြီးသောကြောင့် ဖြစ်၏။

သို့ဖြစ်ရာ အချုပ်မှာ – ဂျပန်ကို မြန်မာပြည်သို့ရောက်အောင် ခေါ်လာခြင်းအတွက် အပြစ်ရှိသူကိုရှာလျှင် အင်္ဂလိပ်တို့တွင်သာ တရားခံအဖြစ် တွေ့ရှိရမည် ဖြစ်ပေသတည်း။

■

mgyoe.com

mgyoe.com

# ဂျပန်ကို ထပြီး တော်လှန်ကြခြင်းသည်
## အင်္ဂလိပ်နိုင်ခါနီး၍သာဟုဆိုခြင်းမှာ ဟုတ်သလော - လုံးဝ မဟုတ်

တိုင်းပြည်အတွက် ဖဆပလ တကယ်တမ်းလုပ်နေမှန်းသိသဖြင့် ဖဆပလကို ချိုးဖဲ့ဖြိုနှိမ်ကာ ကိုယ်ကျိုးရှာလိုသောအခါ နိုင်ငံရေးသမားများ၊ နိုင်ငံရေးအဖွဲ့များသည် တိတ်တိတ်ပုန်း တီးတိုးစကားဖြင့် မဟုတ်မမှန် အမျိုးမျိုး လုပ်ကြံပြောဆိုနေကြရာတွင် "ဂျပန်ကို သူတို့ထပြီး တော်လှန်တာဟာ မဟာမိတ်တွေ နိုင်တော့မယ်ဆိုတာ သေချာတော့မှ သူတို့အသက် စည်းစိမ်ချမ်းသာခွင့်ရအောင် လုပ်တာပဲဟာ ဘာအဆန်းလဲ" ဟူသော စကား တစ်ခွန်းလည်း ပါဝင်လေသည်။

ထိုစကားသည် ပြည်သူပြည်သားတို့ သတိမထားက တစ်နေ့ တခြား ပြန့်ပွားလျက်သာလာဖို့ရှိလေသည်။ ထိုစကားကို ပထမစတင်သုံး သူများမှာ အင်္ဂလိပ်ထဲမှ ဖြစ်၍ ရှေ့အဖို့တွင် အများဆုံး သုံးစွဲမည့်သူများမှာ ဖဆပလနှင့် တိုင်းပြည်တွဲ၍ တစ်ခဲနက် တည်နေခြင်းကို မရှုစိမ့်လိုသော အင်္ဂလိပ်လက်ပါးစေများသာလျှင် ဖြစ်ရပေလိမ့်မည်။

ထိုစကား၏ မဟုတ်မှန်ခြင်းကို တိုင်းပြည်ကသိပြီးဖြစ်သော်လည်း လိမ်လည်လှည့်ဖြားသူတို့က ထိုစကားကို တိုင်းပြည်က ယုံကြည်လက်ခံ မလာမချင်း ဆင့်ကာဆင့်ကာ ဆိုပြောရိုက်သွင်းနေကြမည်ဖြစ်၍ ကျွန်ုပ်တို့ သည် ယခုက တစ်ခါတည်း အပြီးအပြေ ဖြေရှင်းထားကြရပေလိမ့်မည်။

mgyoe.com

mgyoe.com


ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းသည် ဂျပန်မဝင်မီအခါကာလကပင် မြန်မာပြည်အတွင်း၌ရှိခဲ့၏။ ဂျပန်သည် ဖက်ဆစ်ဖြစ်ကြောင်းကို မဆွကပင် သိကာ အပြင်းအထန် ရေးသားလာသော သတင်းစာဂျာနယ်များ၊ အပြင်းအထန်ဆိုပြောလာသော ပုဂ္ဂိုလ်များရှိ၏။ ထိုပုဂ္ဂိုလ်တို့အား ထိုအခါက အင်္ဂလိပ်အစိုးရတို့က ထိုမျှလောက် ပြင်းပြင်းထန်ထန် မရေး၊ မပြောဖို့ပင် မကြာခဏ သတိပေးနေခဲ့ရချေသေး၏။

ဤစာစောင် စာမျက်နှာ ၄ နှင့် ၅ တွင် ဖော်ပြခဲ့ပြီးသော အကြောင်းများကြောင့် မြန်မာပြည်သို့ ဂျပန်ဝင်ရောက်လာသောအခါ ဝင်ရောက်လာလျှင်လာချင်းပင် တော်လှန်ရေး၏ ဗီဇသည် အစေ့အညှောက်နှင့်တကွ ပေါ်ပေါက်လာခဲ့သော်ငြားလည်း ကြီးပြင်းခွင့် ရတ်တရက်မရ ရှိခဲ့၏။ ဂျပန်ကို ပြန်၍ချဖို့ရန် ဘီအိုင်အေထဲမှ စတင်၍ လက်ယားလာကြ၏။ အင်္ဂလိပ်တို့ လုံး၀ ဆုတ်ခွာသွားပြီးသည်နှင့် တစ်ပြိုင်နက် ဂျပန်ကိုချကြရမည်ဟူ၍ ဘီအိုင်အေတပ်သားတိုင်း နားလည်ပြီးဖြစ်၏။ တိုင်းသူပြည်သားတိုင်း ရိပ်မိ သိရှိပြီးဖြစ်၏။

ထိုအချိန်တွင် အင်္ဂလိပ်တို့သည် မန္တလေးမှ မပြေးသေးချေ။ ဂျပန်တို့ အထက်မြန်မာပြည်ကို မသိမ်းပိုက်ရသေး၍ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်နုစသော မန္တလေးထောင်တွင်းရှိ သခင်များက မိမိတို့သည် ဂျပန်ဆန့်ကျင်ရေးကို လုပ်ခြင်းဖြင့် အောက်မြန်မာပြည်ကို ဖက်ဆစ်ဂျပန်များလက်ထဲမှ ပြန်လည်ဆယ်တင်လိုသည်ဖြစ်၍ ထောင်မှလွတ်ခွင့်ပေးရန် ဘုရင်ခံထံစာပေးပို့ခဲ့ကြ၏။ အတန်ကြာပင် အကြောင်းမထူး၍ ဒီးဒုတ်ဦးဘချိုမှ တစ်ဆင့် တရုတ်စစ်သေနာပတိ ဂျင်နရယ်ဝမ်ထံ အကြောင်းကြားကာ ဘုရင်ခံနှင့် စေ့စပ်ကြပြန်၏။ ဤတွင်မှ သခင်နု၊ သခင်သန်းထွန်းစသော သူတို့အား ထောင်မှထုတ်၍ လားရှိုးသို့အရောက်ပို့ရန် အမိန့်ရောက်လာ၏။ သို့သော် ထိုသူများကို လားရှိုးသို့ခေါ်ဆောင်သွားစဉ် လမ်းခရီး၌ပင် လားရှိုးကို ဂျပန်တို့တက်ယူသိမ်းပိုက်လိုက်ပြီဆို၍ အင်္ဂလိပ်စစ်သားက သခင်နုတို့ကို ပြန်လည်ခေါ်ဆောင်သွားကာ မန္တလေးထောင်ထဲ၌ပင် ပြန်၍ထည့်ထားခဲ့ချေ၏။ ဤကား ဂျပန်ကိုတော်လှန်ရေးအတွက် ကြိုးပမ်းမှုတစ်ချက်ဖြစ်၏။ ထိုနေ့ ထိုရက်မတိုင်မီကလည်း ကွယ်လွန်သူ သခင်တင်မောင်က ကိုယ်စား

mgyoe.com

mgyoe.com


လှယ်အဖြစ် သွားရောက်၍ ဂျပန်ဆန့်ကျင်ရေးကို မြန်မာလူမျိုးတို့အကျိုးငှာ မိမိတို့က လုပ်ပေးမည့်အကြောင်း ဘုရင်ခံနှင့် တွေ့ဆုံအကူအညီပေးခဲ့၏။ သို့သော် အရာမထင်ခဲ့လေ။

## တော်လှန်ဖို့ ထပ်မံလုပ်ခြင်း

ထို့နောက် အထက်မြန်မာပြည်တွင် ဂျပန်တို့ဝင်၍ အင်္ဂလိပ်တပ်များ ပျောက်ကွယ်သွားခါ တရုတ်တပ်များ တပ်ဆုတ်ရန် စီစဉ်နေခိုက် သခင်စိုး၊ တက်ဘုန်းကြီး ကိုသိန်းဖေ၊ သခင်ကျော်စိန်တို့ လူသိုက်သည် ဒီးဒုတ် ဦးဘချို၏ အကူအညီဖြင့်ပင် တရုတ်တပ်များနှင့် ဆက်သွယ်ကာ ဂျပန် ပြန်ချရေးလုပ်ဖို့ သွားကြရာ လမ်းတွင် မသေရုံတမည်ဖြစ်ကာ ပြန်လာခဲ့ကြ ရလေသည်။ နောက်ဆုံးတွင် ကိုသိန်းဖေသည် အိန္ဒိယပြည်မှနေပြီး တော်လှန် ရေးလုပ်ရန် ဂျပန်များကြားထဲမှ စွန့်စွန့်စားစား ထွက်ခွာသွားခဲ့ရလေသည်။

ဤသို့ဖြင့် ၁၉၄၂ ခုနှစ်က ဘုရင်ခံအသိ၊ ၁၉၄၂ ခုနှစ်တွင် အင်္ဂလိပ် စစ်သေနာပတိမှ အစ ဗိုလ်ချုပ် ဗိုလ်မှူးများအသိ ဂျပန်တော်လှန်ရေးကို လုပ်ဖို့ရန် လူငယ်များသည် ကြိုးစားအားထုတ်ခဲ့ကြ၏။ ၁၉၄၂ ခုနှစ်တွင် လူငယ်များက ဂျပန်ဆန့်ကျင်တော်လှန်ရေးကို လုပ်နိုင်သည့်အခါ အင်္ဂလိပ် တို့မှာ အဆင်သင့်မရှိ၊ ပြေးဖို့သာ အရေးကြီးနေခဲ့၏။ ၁၉၄၃ ခုနှစ်တွင် မြန်မာပြည်ရှိ လူငယ်များက ဂျပန်အား ထကြွတော်လှန်တိုက်ခိုက်လိုသည့် အခါ မဟာမိတ်စစ်သေနာပတိတို့ကပင် စောသေး၍ စောင့်ဆိုင်းပါရန် အကြံ ပေးခဲ့ရသေး၏။

၁၉၄၃ – ၄၄ ခုနှစ်တွင် ကွန်မြူနစ်ပါတီနှင့် ဗမာ့တပ်မတော်သည် ကိုယ်စီကိုယ်စီအားဖြင့် ဂျပန်ကို ပြန်ချရေးအတွက် ဆော်ဩ စီစဉ်စိုင်းပြင်း နေကြ၏။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်းက ဖက်ဆစ်ဂျပန်ကို ဆန့်ကျင် တိုက်ဖျက်လိုသူများလည်း ပူးပေါင်းပြီး ချသင့်သည့်အကြောင်း နှိုးဆော်လမ်း ပြ၍ လုပ်ငန်းစဉ် စာတမ်းတစ်စောင်ကို လျှို့ဝှက်သော အစည်းအဝေးတစ်ခု၌ တင်ပြခဲ့၏။ ထိုအစည်းအဝေးသို့ ဗမာ့တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံအဖွဲ့ခေါ် ယခု ဆိုရှယ်လစ်ပါတီတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြ၏။ ထိုအစည်းအဝေးတွင် ဖဆပလအဖွဲ့ချုပ် တည်ထောင်

mgyoe.com

mgyoe.com


ပေါက်ပွားလာခဲ့၏။

၁၉၄၂ – ၄၃ – ၄၄ ခုနှစ်တွင် မြန်မာပြည် စစ်မျက်နှာ၌ မဟာမိတ်တပ်များ တိုက်ခိုက်ဖုံးကြဲနေပုံမျိုးဖြင့် ဂျပန်ကို နိုင် နိုင်ဖို့အလွန်ဝေးသည့်အကြောင်းကို မြန်မာတိုင်းပင် သိရှိကြ၏။ ထိုစဉ်အခါအထိ ဖုံးချချပြီး ထွက်ပြေးသော စနစ်မျိုးကို မဟာမိတ်တို့ဘက်က အားပြုသုံးစွဲနေရသေး၏။ ၁၉၄၅ ခုနှစ် နောက်ဆုံးတိုက်ပွဲတွင်ပင် မဟာမိတ်တပ်များ တိုက်ပုံတိုက်နည်းမျိုးဖြင့် ဂျပန်ကို နိုင် နိုင်ဖို့ ဝေးလံလှသည့်အကြောင်းကို မျက်မြင်ဒိဋ္ဌဖြစ်သော မြန်မာများသည် ယခုတိုင် သိမြင်နားလည်မှတ်စွဲလျက် ရှိကြသေး၏။

## အင်္ဂလိပ်မလာ – လာ–လာ ဂျပန်ကိုချမည်ကား ကေန်

သို့ဖြစ်၍ အင်္ဂလိပ်တို့နိုင်ခြေရှိခါမှ လူငယ်များကထ၍ တော်လှန်ခြင်းဖြစ်သည်ဟူသော စကားသည် အလကားစကားပင်ဖြစ်တော့၏။ ဂျပန်ကို အင်္ဂလိပ်နိုင်ခြေရှိကြောင်းကို မြန်မာများဘယ်အခါတွင်မှ လက်ခံယူဆသည့်အကြောင်း တိုင်းပြည်နှင့် ချိ၍လိုက်ပြီး မေးမြန်းစုံစမ်းလျှင် အလွန်စိတ်ဝင်စားဖွယ်ရာ ကောင်းသောအဖြေများကို ရလိမ့်မည်ဖြစ်၏။

ဖြစ်ခဲ့သမျှသော အဖြစ်အပျက်တို့ကို မျက်မြင်ကိုယ်တွေ့ အနေအားဖြင့် ဆင်ခြင်ပြီးနောက် မြန်မာများ၏စိတ်၌ စွဲကျန်ရစ်သော အသိဉာဏ်မှာ မြန်မာ့တပ်မတော်နှင့် ပြောက်ကျားများ တိုင်းသူပြည်သားများကသာ ယခုတော်လှန်လုပ်ကြံခဲ့သလို မတော်လှန် မလုပ်ကြံခဲ့ချေက မဟာမိတ်တပ်တို့သည် ဂျပန်ကျွန်းမကြီးက လက်နက်ချပြီးမှပင် မြန်မာပြည်ထဲသို့ ဝင်ရောက်နိုင်ကြဖွယ်ရာရှိသည်ဟူသော အသိဉာဏ်ပင်ဖြစ်၏။

တော်လှန်ရေးကို အင်္ဂလိပ်နိုင်ခြေရှိမှ လုပ်ကြသည်ဆိုသော စကားသည် အဘယ်မှာ ဟုတ်မှန်ပါအံ့နည်း။

တော်လှန်ရေးကို အင်္ဂလိပ်မပြေးမီကတည်းကပင် စတင်ကြံစည်ခဲ့ကြ၏။ အင်္ဂလိပ်နိုင်ခြေရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မြန်မာတို့ကား ဖက်ဆစ်ဂျပန်ကို ထကြွတော်လှန်ကြမည်သာ ဖြစ်၏။ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း ဂျပန်တို့ကို ဖျောက်ဖျက်မှုမှာ ၁၉၄၃ ခုနှစ်ကပင် စတင်၍ ရှိခဲ့ပြီးဖြစ်၏။

mgyoe.com

mgyoe.com


လူငယ်ကလေးများသည် ဂျပန်ကို ထကြွတော်လှန်ရာ၌ မိမိတို့၏ အသက်စည်းစိမ်ကို ငဲ့ကွက်ခြင်းမရှိ၊ ငဲ့ကွက်၍မဟုတ်ကြောင်းကိုလည်း တိုင်းပြည်က မျက်မြင်ဒိဋ္ဌသိရှိကြပြီးဖြစ်၏။

**ဈေးမဆစ်ခြင်းကိုကြည့်လေ့**

ဂျပန်ကို ထချမည်ကြံစည်ရာ၌ အင်္ဂလိပ်တို့ထံမှ တစ်စုံတစ်ရာ ဈေးဆစ်ခြင်းမရှိခဲ့သည်ကို ထောက်လျှင်ပင် လူငယ်များ၏ သန့်ရှင်းသော စိတ်စေတနာကို နားလည်နိုင်ကြရာ၏။

လူအများက ထင်ကြ၏။ ဂျပန်ကို ထ၍ချလျှင် အင်္ဂလိပ်နှင့် ဟို့နှယ် သည့်နှယ်စေ့စပ်ပြီးသားဖြစ်ရမည်ဟုထင်ကြ၏။ ဘာမျှ စေ့စပ်ပြီးသား မရှိ၊ ဖက်ဆစ်ဂျပန်ကို မောင်းနှင်ထုတ်လိုကြသည့် စိတ်ဆန္ဒချင်းတူညီမှုသာ လျှင်ရှိ၏။ ထိုဆန္ဒတူညီမှုတွင်သာ ပေါင်းစပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်၏။

ဂျပန်ကို ထ၍ချခြင်းမှာ အင်္ဂလိပ်တို့ ပြန်၍ အဝင်လွယ်စေတော့ ဟု တိုက်၍ပေးခြင်းမဟုတ်၊ ဂျပန်အတွက်မြန်အောင်တိုက်၍ထုတ်ခြင်းသာ ဖြစ်၏။ ဂျပန်သည် လောလောဆယ်ဆယ် ဖက်ဆစ်ဝါဒဖြင့် တိုင်းပြည်အား လောလောဆယ် ညှဉ်းပန်းနေရာ ဂျပန်တိုက်ထုတ်ရေးသည်သာ တော်လှန်ရေး၏ အဓိက ရေးရှုချက်ကြီးဖြစ်ခဲ့၏။ အင်္ဂလိပ်ကို ၁၉၄၂ ခုနှစ်က တော်လှန်ခဲ့သည့် အပြစ်များ သက်သာချောင်ချိခွင့်ရလို၍ အင်္ဂလိပ်နှင့် စေ့စပ်ပြီးမှ ဂျပန်ကို ထ၍ချခြင်းမဟုတ်ရာ လူငယ်များသည် ကိုယ့်ဘေးအတွက် ကိုယ်ကြည့်ကာ အင်္ဂလိပ်များ နိုင်ခြေရှိမှ ထ၍ တော်လှန်ခြင်းဖြစ်သည်ဆိုသော စကားသည် အဘယ်မှာ ဟုတ်မှန်နိုင်ပါတော့မည်နည်း။

၁၉၄၂ ခုနှစ်က အင်္ဂလိပ်ကို လူငယ်တစ်စု ခေါင်းဆောင်တိုက်ထုတ်ခြင်းမှာ အင်္ဂလိပ်တို့သည် မြန်မာများအား ဓနရှင်နယ်ချဲ့ဝါဒစနစ်အရ အုပ်ချုပ်ခြင်းဖြင့် မြန်မာများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဆီးဆို့ထားသော ကြောင့် ဖြစ်ခဲ့၏။ (ဝါ) ကိုယ်ပိုင်အုပ်ချုပ်ရေး ချက်ချင်းပေးမည် မဆိုသော ကြောင့်၊ မပေးလည်း မပေးသောကြောင့် ဖြစ်ခဲ့၏။

၁၉၄၅ ခုနှစ် ဂျပန်ကို ဖဆပလသည် တိုင်းပြည်၏ အကူအညီဖြင့် တော်လှန်တိုက်ထုတ်ခြင်းမှာ မြန်မာများအား ဂျပန်က ဖက်ဆစ်စနစ်ဖြင့်

mgyoe.com

အုပ်ချုပ်နှိပ်ကွပ်ခြင်းကြောင့်ဖြစ်၏။ အတုအယောင်ဖြစ်သော လွတ်လပ်ရေး အောက်တွင် မြန်မာများအား စော်ကားနေသောကြောင့်ဖြစ်ခဲ့၏။

နှစ်ရပ်စလုံးမှာပင် နိုင်ငံရေးလုပ်ငန်း၏ အစဉ်တည့်မတ်မှုရှိ၏။ ဆက်စပ်မှုရှိ၏။

အင်္ဂလိပ်တို့ ပြန်လည်ရောက်ရှိလာသောအခါ ကိုယ်ပိုင်အုပ်ချုပ်ရေး မရသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးရရန် ဖဆပလသည် ကြိုးပမ်းလျက်ရှိပြန်၏။ လူထုကြီး၏ အင်အားကိုယူ၍ လူထုကြီး၏ အကျိုးငှာသာ အသက်အသေ ခံ၍ အလုပ်လုပ်ခဲ့သော ဖဆပလသည် လူထုကြီးလိုလားသော ပန်းတိုင်သို့ မုချအရောက်တက်လှမ်းမည်သာဖြစ်ရာ ဖဆပလမှ လူထုအင်အားကို ဖြိုခွဲ၍ ရရန် တစ်ဖက်ဂိုဏ်းသားများသည် အကြံတ်အနယ် ကြိုးစားကြံစည်ကြချေ တော့အံ့။

လက်နက်ခေတ်တွင် လက်နက်ဖြင့် အဖြေရှာခဲ့ရာ ယခုငြိမ်းချမ်း ရေးခေတ်တွင် စည်းလုံးခြင်းအင်အားဖြင့် ငြိမ်းချမ်းရေးထုံးတမ်းများအရ ကျပ် ပြည့်အာဏာကိုရအောင် ဖဆပလသည် လုံးပန်းမည်ဖြစ်၏။ မရမချင်း လုံးပန်း မည်ဖြစ်၏။

သွေးနှင့်တိုက်ပွဲတွင်ပင် မတွန့်မဆုတ် ပါဝင်ဆင်နွှဲခဲ့သော တိုင်းသူ ပြည်သားများသည် ဖဆပလ အပေါ်တွင် အထင်အမြင် မမှား မှားအောင် ဆွဲဆောင်နေကြသော ဖောက်ပြန်ရေးသမားများ၏ စကားဖြင့် ဖဆပလ၏ မကျေပွန်သေးသော တာဝန်မှာ တစ်ခုတည်းသာရှိ၏။ ထိုတာဝန်မှာလည်း လုံးဝ ကိုယ်ပိုင်အုပ်ချုပ်ရေးရအောင် ယူမပေးနိုင်သေးခြင်းသာ ဖြစ်၏။ ဖဆပလသည် ထိုတိုက်ပွဲကို ငြိမ်းချမ်းသည့်နည်းဖြင့် ယခုခင်းကျင်းဆင် နွှဲလျက်ရှိရာ တိုင်းသူပြည်သားတို့၏ ယခင်ဂျပန်ကို တော်လှန်စဉ်က ပေးခဲ့ သော အထောက်အခံ အကူအညီကို လိုမြဲလိုလျက်ပင်ရှိ၏။ ထိုအကူအညီ ၏ အစွမ်းဖြင့် အောင်ပွဲဆင်မြန်းရမည်သာဖြစ်၏။

ယခင် ဂျပန်ကိုတော်လှန်စဉ်က ပြည်သူ့အင်အားကို ယူလျက်ပင် လျှို့ဝှက်စွာ စီစဉ်တော်လှန်ခဲ့ကြရ၏။ ယခု ကိုယ်ပိုင်အုပ်ချုပ်ရေးရရန် တိုက်ပွဲ တွင် ပြည်သူ့အင်အားကိုယူကာ ပွင့်လင်းစွာပင် စီစဉ်ခင်းကျင်းရမည်ဖြစ်သ ဖြင့် ပွင့်လင်းစွာပင် စီစဉ်ခင်းကျင်းလျက်ရှိ၏။

mgyoe.com